# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

## CSR လုပ်ငန်းဆောင်ရွက်ချက်များ အစီရင်ခံတင်ပြခြင်း (Communicating CSR)

- ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ဆောင်ရွက်ပြီးစီးခဲ့သော M&AOSB ကုမ္ပဏီ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များကို ငရုတ်ကောင်းမြို့၊ ကြွေချိုင်ကျေးရွာအုပ်စု၊ နံ့သာပုကျေးရွာအုပ်စုနှင့် စီမံကိန်းနယ်မြေရုံးဝင်းရှိ ကြော်ငြာသင်ပုန်းများ၌ အသိပေးဖော်ပြခြင်း
- ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ဆောင်ရွက်ပြီးစီးခဲ့သော M&AOSB ကုမ္ပဏီ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များ စုစည်းတင်ပြထားသည့် လက်ကမ်းစာစောင်များကို ငရုတ်ကောင်းမြို့၊ ကြွေချိုင်ကျေးရွာအုပ်စုနှင့် နံ့သာပုကျေးရွာအုပ်စုရှိ ရပ်မိရပ်ဖများထံ ဖြန့်ဝေခြင်း
- CSR လုပ်ငန်းဆောင်ရွက်ချက်များအပါအဝင် စီမံကိန်းတိုးတက်မှုအစီရင်ခံစာကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) သို့ သုံးလတစ်ကြိမ် ပေးပို့တင်ပြခြင်း
- CSR လုပ်ငန်းဆောင်ရွက်ချက်များအပါအဝင် စီမံကိန်းနှင့်ဆက်နွယ်သော လုပ်ငန်းတိုးတက်မှုအခြေအနေများကို ကုမ္ပဏီ၏ဆက်သွယ်ပြန်ကြားရေးစာမျက်နှာများတွင် အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြခြင်း

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပံ့ပိုးခြင်း (Community Livelihood Development)

- M&AOSB စီမံကိန်းနယ်မြေဒေသရှိ ဒေသခံလူငယ်များတွင် အသက်မွေးမှုစွမ်းရည်များ တိုးတက်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြင့်ရရှိစေရေးအတွက် "ဆေးဝါးကျွမ်းကျင်အကူသင်တန်း"နှင့် "အကူသူနာပြုသင်တန်း" တက်ရောက်နိုင်ရန် ပညာသင်စရိတ်ထောက်ပံ့မှုအစီအစဉ်စတင်ခြင်းနှင့် သင်တန်းသားများ၏ တိုးတက်မှုအခြေအနေကို လေ့လာစောင့်ကြည့်ခြင်း

## လှူဒါန်းထောက်ပံ့ခြင်း (Sponsorship and Philanthropy)

- ငရုတ်ကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပပြုလုပ်သော ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲအခမ်းအနားများသို့ တက်ရောက်ဂုဏ်ပြုခြင်း

## ဒေသခံများဦးစီးဆောင်ရွက်သော စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအစီအစဉ် (Community-led Waste Management Program)

- ဂေါ်ရန်ကျွဲပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် တက်ကြွလှုပ်ရှားသော အမှိုက်ကောက်သူရဲကောင်းအဖွဲ့ Trash Hero Gaw Yan Gyi ၏ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုများတွင် နံ့သာပုကျေးရွာလူထုနှင့် ပူးပေါင်းပံ့ပိုးခြင်း

## စွမ်းရည်မြှင့်တင်ခြင်း (Community Capacity Building)

- M&AOSB စီမံကိန်းနယ်မြေဒေသမှ ဒေသခံများ၏ စာအုပ်စာပေဖတ်ရှုသည့် အလေ့အထကို မြှင့်တင်နိုင်ရန်နှင့် ဒေသခံများတွင် လေ့လာသင်ယူမှုအခွင့်အလမ်းများ တိုးတက်စေရန် စီမံကိန်းနယ်မြေရုံးဝင်း၌ CSR အစီအစဉ်ဖြင့် "သုတပင်လယ်" စာကြည့်တိုက်ဖွင့်လှစ်ခြင်း

## သက်ဆိုင်ရာလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်း၊ အသိပေးတင်ပြခြင်း (Stakeholder Engagement)

- တွေ့ဆုံဆွေးနွေးမှုအကြိမ်ပေါင်း – ၃၀ ကြိမ်
- တွေ့ဆုံဆွေးနွေးခဲ့သူပေါင်း – ၆၁ ဦး
- တွေ့ဆုံဆွေးနွေးမှုကြာချိန်ပေါင်း – ၄၆ နာရီ

## အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (Operational Grievance Mechanism – OGM)

- ၂၀၁၇ ခုနှစ်မှ ယနေ့အထိပေးပို့လာသော အကြံပြုစာပေါင်း – ၇ စောင်
- အကြံပြုချက်များအရ ဖြေရှင်းဆောင်ရွက်ပေးမှုအပေါ် ရာနှုန်းပြည့် ကျေနပ်လက်ခံခြင်း

# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

M&AOSB ကုမ္ပဏီ၏ စီမံကိန်းနယ်မြေဒေသ ထိစပ်ကျေးရွာများမှ ဒေသခံလူငယ် (၆) ဦးသည် ၂၀၂၄ ခုနှစ်၏ ပထမသုံးလပတ်ကာလအတွင်း ကုမ္ပဏီ၏ CSR အစီအစဉ်ပံ့ပိုးမှုဖြင့် ပုသိမ်မြို့ရှိ I-Care ဆေးဝါးကျွမ်းကျင်အကူနှင့် အကူသူနာပြုသင်တန်း၌ “ဆေးဝါးကျွမ်းကျင်အကူသင်တန်း” နှင့် “အကူသူနာပြုသင်တန်း” တို့ကို တက်ရောက်ခဲ့ပါသည်။ ဒေသခံသင်တန်းသူ၊ သင်တန်းသားများသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် I-Care သင်တန်းကျောင်း၌ စာတွေ့သင်ခန်းစာများ သင်ယူလေ့လာခဲ့ပြီး မတ်လဆန်းတွင် ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်၍ သင်တန်းဆင်းလက်မှတ်များ ရရှိခဲ့ပါသည်။ ဆက်လက်၍ လုပ်ငန်းခွင်အတွေ့အကြုံ ရရှိစေရန်အတွက် ရန်ကုန်မြို့ရှိ မုဒိတာဆေးခန်းတွင် သင်တန်းသူ (၅) ဦးနှင့် တော်ဝင်ရတနာအထူးကုဆေးရုံတွင် သင်တန်းသား (၁) ဦးတို့ ၂၀၂၄ ခုနှစ်၊ မတ်လ (၁၀) ရက်နေ့မှစ၍ လက်တွေ့သင်ယူလေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ ပညာသင်ဆုရ သင်တန်းသူ၊ သင်တန်းသားများ၏ လက်တွေ့သင်ယူမှုများအတွက် လိုအပ်သည်များကိုလည်း M&AOSB ကုမ္ပဏီ၏ CSR အစီအစဉ်က ဆက်လက်ပံ့ပိုးခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဧပြီလဆန်းတွင် သင်တန်းကာလ ပြီးဆုံးမည်ဖြစ်ပါသည်။














# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ








M&AOSB ကုမ္ပဏီသည် မိမိတို့လုပ်ငန်းလုပ်ကိုင်ရာ စီမံကိန်းနယ်မြေဒေသရှိ ဒေသခံများ (အထူးသဖြင့် ကလေးငယ်များ) ၏ စာအုပ်စာပေဖတ်ရှုသည့် အလေ့အထကို မြှင့်တင်နိုင်ရန်နှင့် ဒေသခံများတွင် လေ့လာသင်ယူမှုအခွင့်အလမ်းများ တိုးတက်စေရန်ရည်ရွယ်၍ "သုတပင်လယ်" အမည်ရှိ စာကြည့်တိုက်ငယ်တစ်ခုကို စီမံကိန်းနယ်မြေရုံးဝင်း၌ ကုမ္ပဏီ၏ CSR အစီအစဉ်ဖြင့် ဖွင့်လှစ်ခဲ့ပါသည်။ "သုတပင်လယ်" စာကြည့်တိုက်ကို ၂၀၂၄ ခုနှစ်၊ မတ်လ (၂၀) ရက်တွင် ဖွင့်လှစ်ခဲ့ပြီး စာကြည့်တိုက်ဖွင့်ပွဲသို့ ဒေသခံရပ်မိရပ်ဖ လူကြီးများ၊ Trash Hero Gaw Yan Gyi အမှိုက်ကောက်သူရဲကောင်းအဖွဲ့မှ ကလေးများနှင့် CSR လုပ်ငန်းအဖွဲ့ဝင်များအပါအဝင် လူပေါင်း (၅၆) ဦးတက်ရောက်ခဲ့ပါသည်။ စာကြည့်တိုက်တွင် ကလေးငယ်များအတွက် ရောင်စုံရုပ်ပြများ၊ ကာတွန်းများ၊ ဂန္ထဝင်ပုံပြင်များ၊ ဆေးရောင်ခြယ်စာအုပ်များ၊ လူငယ်လူရွယ်များအတွက်ရည်ရွယ်သော ဝတ္ထု၊ မဂ္ဂဇင်း၊ စာစောင်များ၊ အဘိဓာန်များ၊ အထွေထွေဗဟုသုတ စသည်ဖြင့် သုတ၊ ရတ စာအုပ်မျိုးစုံနှင့် ဆော့ကစားရင်း လေ့လာသင်ယူနိုင်သည့် သင်ထောက်ကူပစ္စည်းများကို CSR အစီအစဉ်ဖြင့် ဖြည့်တင်းထားရှိပါသည်။













www.myintassociatesosb.com MAOffshoreSupplyBase myanmar_maosb

# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

ဂေါ်ရန်ဂျီပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် တက်ကြွလှုပ်ရှားသော အမှိုက်ကောက်သူရဲကောင်းအဖွဲ့ Trash Hero Gaw Yan Gyi ၏ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုတွင် M&AOSB ကုမ္ပဏီ၏ CSR အစီအစဉ်နှင့် နံ့သာပုကျေးရွာလူထုတို့ပူးပေါင်း၍ လိုအပ်သည့်ကူညီမှုများ ပံ့ပိုးခဲ့ပါသည်။ ယခုသုံးလပတ်ကာလအတွင်း Trash Hero Gaw Yan Gyi အမှိုက်ကောက်သူရဲကောင်းအဖွဲ့သည် နံ့သာပုကျေးရွာအုပ်စု၏ လမ်းမကြီးများနှင့် ဂေါ်ရန်ဂျီကမ်းခြေတစ်လျှောက်၌ ပြုလုပ်ခဲ့သော စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုများတွင် အမှိုက်ကောက်သူရဲကောင်း လူကြီး (၁၇) ဦး၊ ကလေး (၂၁၃) ဦးနှင့် စုစုပေါင်းသူရဲကောင်း (၂၃၀) ဦး ပါဝင်အမှိုက်ကောက်ခဲ့ကြပြီး အမှိုက်ကီလိုပေါင်း (၂၃၅) ကီလိုကို ကောက်ယူသိမ်းဆည်းနိုင်ခဲ့ပါသည်။



















# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

ရေတ်ကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်က ကျင်းပပြုလုပ်သော ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲအခမ်းအနားများသို့ တက်ရောက်ဂုဏ်ပြုခဲ့ပါသည်။







၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ဆောင်ရွက်ပြီးစီးခဲ့သော M&AOSB ကုမ္ပဏီ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များကို ရေတ်ကောင်းမြို့၊ ကြွေချိုင်ကျေးရွာအုပ်စု၊ နံ့သာပုကျေးရွာအုပ်စုနှင့် စီမံကိန်းနယ်မြေရုံးဝင်းရှိ ကြော်ငြာသင်ပုန်းများ၌ အသိပေးဖော်ပြခဲ့ပါသည်။ ထို့အပြင် အဆိုပါ CSR လုပ်ငန်းဆောင်ရွက်ချက်များ စုစည်းတင်ပြထားသည့် လက်ကမ်းစာစောင်များကို ရေတ်ကောင်းမြို့၊ ကြွေချိုင်ကျေးရွာအုပ်စုနှင့် နံ့သာပုကျေးရွာအုပ်စုရှိ ရပ်မိရပ်ဖများထံ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်နေ့တွင် ဖြန့်ဝေခဲ့ပါသည်။









